# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး
# (အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅)
# နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
# (၂၀၁၅ ခုနှစ် ၊ ဇူလိုင်လ ၃ ရက်)

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ခ) နှင့် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အလုပ်မှရပ်စဲခံရသော အလုပ်သမားနှင့်ပတ်သက်၍ အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို သတ်မှတ်လိုက်သည် -

**နစ်နာကြေးနှုန်းထားများ**

အလုပ်ရှင်သည် အလုပ်သမား သို့မဟုတ် အလုပ်သမားများအား အလုပ်မှရပ်စဲခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဆက်တည်းလုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ) ဖြင့် အောက်ဖော်ပြပါ နစ်နာကြေးနှုန်းထားများအတိုင်း ပေးရမည် -

(က) လုပ်သက် ခြောက်လပြည့်ပြီး တစ်နှစ် မပြည့်ပါက နစ်နာကြေး လဝက်စာ

(ခ) လုပ်သက် တစ်နှစ်ပြည့်ပြီး နှစ်နှစ် မပြည့်ပါက နစ်နာကြေး တစ်လစာ

(ဂ) လုပ်သက် နှစ်နှစ်ပြည့်ပြီး သုံးနှစ် မပြည့်ပါက နစ်နာကြေး တစ်လခွဲ လစာ

(ဃ) လုပ်သက် သုံးနှစ်ပြည့်ပြီး လေးနှစ် မပြည့်ပါက နစ်နာကြေး သုံးလစာ

(င) လုပ်သက် လေးနှစ်ပြည့်ပြီး ခြောက်နှစ် မပြည့်ပါက နစ်နာကြေး လေးလစာ

(စ) လုပ်သက် ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ် မပြည့်ပါက နစ်နာကြေး ငါးလစာ

(ဆ) လုပ်သက် ရှစ်နှစ်ပြည့်ပြီး တစ်ဆယ်နှစ် မပြည့်ပါက နစ်နာကြေး ခြောက်လစာ

(ဇ) လုပ်သက် တစ်ဆယ်နှစ်ပြည့်ပြီး ၂၀ နှစ် မပြည့်ပါက နစ်နာကြေး ရှစ်လစာ

(ဈ) လုပ်သက် ၂၀ နှစ်ပြည့်ပြီး ၂၅ နှစ် မပြည့်ပါက နှစ်နာကြေး တစ်ဆယ်လစာ

(ည) လုပ်သက် ၂၅ နှစ်နှင့်အထက်ရှိပါက နှစ်နာကြေး ၁၃ လစာ

ဦးအေးမြင့်
ပြည်ထောင်စုဝန်ကြီး